မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 12, 2026 Volume 103 , Number 10

၁၂.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၉.၄၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၄.၈၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၄.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၆.၉၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၈ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးကောင်းရရှိသည့်အတွက် ကော်ဖီစိုက်ဧက ၁၀ ရာခိုင်နှုန်းခန့် တိုးလာဟုဆို



ဈေးကောင်းရရှိသည့်အတွက် ကော်ဖီစိုက် ဧက ၁၀ ရာခိုင်နှုန်းခန့်တိုးလာကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းနှင့်နီးစပ်သူတစ်ဦးထံမှသိရသည်။

လက်ရှိတွင် အရည်အသွေးပေါ်မူတည်၍ ကော်ဖီတစ်တန်လျှင် ဒေါ်လာ ၅၀၀၀ နှင့် အထက် ပေါက်ဈေးရှိကာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုန်းမြို့နယ်များတွင် ကော်ဖီစိုက်တောင်သူများ၏စိုက်ဧကများပိုများလာခြင်းဖြစ်ကြောင်းသိရသည်။

" ကော်ဖီစိုက်တောင်သူတွေကတော့ ပိုများလာတာပေါ့၊ ရှမ်းပြည်မှာတော့ အားတက်ပြီးတော့ပိုစိုက်လာကြတယ်၊ အထူးသဖြင့် ဟိုပုန်းဘက်မှာပိုစိုက်လာတယ်၊ တခြားဒေသတွေမှာလည်း အဆင်ပြေကြပါတယ်၊ ပြီးခဲ့တဲ့နှစ်တွေက ကော်ဖီဈေးကောင်းရတယ်၊ ဝင်ငွေကောင်းတဲ့အခါ စိတ်ဝင်စားလာကြတာပေါ့၊ တောင်သူလည်းများတယ်၊ စိုက်ဧကလည်းများလာတာပေါ့၊ ပိုစိုက်လာကြတာပေါ့၊ စိုက်ဧကက ၁၀ ရာခိုင်နှုန်းလောက် တိုးလာတာပေါ့၊ စိုက်ဧကကတော့ အကြမ်းဖျင်းကတော့ တစ်နိုင်ငံလုံးမှာ ၄ သောင်းလောက်ရှိတယ်၊ အာရေးဗီးကားရော ရိုဘတ်စတာရောပေါ့၊ ရိုဘတ်စတာကတော့ စိုက်ဧကနည်းပါတယ်"ဟု ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် အာရေးဗီးကား ကော်ဖီစေ့များကို တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံကို အဓိကတင်ပို့နေပြီး ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုးရီးယားနိုင်ငံတို့ကိုလည်းတင်ပို့လျက်ရှိကြောင်းသိရသည်။

"ဈေးကွက်တော့ ပြည်တွင်းရော ပြည်ပ ရောပေါ့၊ ပြည်ပကတော့ Normal Trade က ဥရောပနိုင်ငံတွေ၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယားပေါ့၊ Border Trade ဆိုရင်တော့ တရုတ်နဲ့

ထိုင်းနိုင်ငံပေါ့၊ ပြည်တွင်းလည်းသုံးကြပါတယ်၊ အများစုကတော့ အာရေဗီးကားပေါ့၊ Normal Trade ကတော့ စုစုပေါင်းမှ တန်ချိန် ၅၀၀နဲ့ ၁၀၀၀ကြားပေါ့၊ Border Trade ကတော့ပိုများတယ်၊ တန်ချိန် ၂၀၀၀ ကျော်လောက်ပို့တယ်၊ ပေါက်ဈေးကတော့ သူ့ Quality နဲ့သူမျိုးစုံရှိတယ်၊ နိုင်ငံတကာကိုရောင်းတဲ့ကော်ဖီစေ့ပေါ့နော်၊ကော်ဖီစေ့ဈေးကတော့ တစ်တန်ကို ဒေါ်လာ ၅၀၀၀၊ ၆၀၀၀ လောက်ရှိတယ်"ဟု ၎င်းကဆက်ပြောသည်။

ထို့ပြင် ကော်ဖီဈေးကွက်သည်လည်း ယခုကဲ့သို့ ဆက်လက်တွင်ကျယ်မည်ဆိုပါက လာမည့် ကော်ဖီ စိုက်ပျိုးသည့်ရာသီတွင် ယခုထက်ပို၍ စိုက်ဧကတိုးလာနိုင်ကြောင်းလည်း ၎င်းကခန့်မှန်းထားသည်။

" မနှစ်ကတော့ တိုးစိုက်ကြတာပေါ့၊ ကော်ဖီက ၃ နှစ်တစ်ကြိမ်ဆိုတော့ နောက်သုံးနှစ်ဆို ထပ်တိုးလာမှာပေါ့"ဟု ၎င်းက ပြောသည်။

အလားတူ ကော်ဖီဈေးကောင်းသည့်အတွက် ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီကို စိုက်ပျိုးမှုများပြားလာသောကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ မဲနယ်တောင်ဒေသတွင် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဘိန်းစိုက်ပျိုးမှု ပပျောက်သွားနိုင်ကြောင်း ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ (ဗဟို)မှ စာရင်းစစ် ဦးခွန်မျိုးညွန့်က ဖြေကြားထားကြောင်း သိရသည်။

ပြည်တွင်း၌ ကော်ဖီကို နှစ်စဉ်ဒီဇင်ဘာလမှ နောက်နှစ်မတ်လအထိ ခူးဆွတ်ထုတ်လုပ်ပြီး ဧပြီလနောက်ပိုင်းမှစတင်ကာ တစ်နှစ်ပတ်လုံး ရောင်းချရ ကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/

## တရုတ်(ကွမ်ရှီး)-မြန်မာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပွဲ နန်းနင်းမြို့တွင်ပြုလုပ်




"တရုတ်(ကွမ်ရှီး)-မြန်မာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပွဲနှင့် စီးပွားရေးလုပ်ငန်းများချိတ်ဆက်ခြင်း ၂၀၂၆" ကို တရုတ်နိုင်ငံ နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ပြပွဲဗဟိုဌာန (NICEC)၌ ကျင်းပခဲ့ကြောင်း သိရပါတယ်။

အခမ်းအနားသို့ ကွမ်ရှီးစီးပွားရေးဌာန၊ တရုတ်နိုင်ငံ နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ရေးကောင်စီ(ကွမ်ရှီး)ကော်မတီ၊ တရုတ်-အာဆီယံကုန်စည်ပြပွဲအတွင်းရေးမှူးချုပ်ရုံးနှင့်ကွမ်ရှီးဈေးကွက်ကြီးကြပ်ရေးစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံလုပ်ငန်းရှင်များနှင့် ထင်ရှားသောစီးပွားရေးကုမ္ပဏီများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

မြန်မာကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းမှ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)မှ ခွင့်ပြုထားသော ဆန်၊ ကော်ဖီ၊ ရော်ဘာနှင့်ပင်လယ်စာစသည့် အရည်အသွေးမြင့်ထုတ်ကုန်များကိုတင်ပို့ရန် အသင့်ရှိနေကြောင်း၊ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊သတ္တုတူးဖော်ရေး၊ စက်မှုဇုန်များ၊ e-bike တပ်ဆင်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ဉာဏ်ရည်တု (AI) ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖိတ်ခေါ်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီးပွားရေးသံမှူးက မြန်မာနိုင်ငံ၏လက်ရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အသေးစိတ်ရှင်းလင်းတင်ပြခြင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ၊ စီမံကိန်းများနှင့်ရင်းနှီးမြှုပ်နှံလိုသည့်ကိစ္စများကို ရှင်းလင်းတင်ပြခြင်းနှင့် နန်နင်းအကောက်ခွန်ဌာနက တက်ရောက်

လာသူများအား နှစ်နိုင်ငံကုန်သွယ်မှုအတွက် အရေးပါသောကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ဈေးကွက်ဝင်ရောက်ခွင့်နှင့် အကောက်ခွန်စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ ဗဟုသုတများဖြင့် တင်ပြရှင်းလင်းခဲ့ကြောင်း သိရပါတယ်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းအချင်းချင်း (B2B) ချိတ်ဆက်မှုအစီအစဉ်ကို ကျင်းပ၍ နှစ်နိုင်ငံစလုံးမှ လုပ်ငန်းရှင်များအား တိုက်ရိုက်ဆွေးနွေးမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဒီဇယ်၊ ဓာတ်မြေဩဇာနှင့် LNG ကို ဖွန်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ပြု



ရိုးရိုးဒီဇယ်နဲ့ ဓာတ်မြေဩဇာတင်သွင်းမှုတွေအတွက် အခွန်ကင်းလွတ်ခွင့်ကို ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ခွင့်ပြုလိုက်ပြီး သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုတွေကိုလည်း ဇွန်လ ၁ ရက်ကနေ ၃၀ ရက်အထိ အခွန်ကင်းလွတ်ခွင့်ပြုလိုက်တယ်လို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကြေညာပါတယ်။

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခတွေကြောင့် ဒီဇယ်ဆီကို အသုံးပြုပြီး မောင်းနှင်ရတဲ့ မော်တော်ယာဉ်တွေနဲ့ သယ်ဆောင်အသုံးပြုနေတဲ့ အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းတွေကို ထိန်းညှိပေးဖို့အတွက် ရိုးရိုးဒီဇယ်ဆီတင်သွင်းမှုအပေါ် ကောက်ခံတဲ့ အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ကြိုတင် ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းတို့ကို ပြီးခဲ့တဲ့ မေလ ၁ ရက်ကနေ ၃၁ ရက်အထိ ကင်းလွတ်ခွင့်ပြုခဲ့ပြီး အခု ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ခွင့်ပြုလိုက်တယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အလားတူ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ တောင်သူလယ်သမားတွေရဲ့ ကုန်ထုတ်လုပ်မှုစရိတ်တွေ လျှော့ကျစေနိုင်ဖို့အတွက် ဓာတ်မြေဩဇာ တင်သွင်းမှုအပေါ်ကောက်ခံတဲ့ ကြိုတင်ဝင်ငွေခွန် ၂ရာခိုင်နှုန်းကင်းလွတ်ခွင့်ကိုလည်း အခု ဇွန်လ ၃၀ ရက်အထိ တိုးမြှင့်ခွင့်ပြုလိုက်တယ်လို့ ကြေညာထားပါတယ်။

**Source :** https://onenewstvchannel.com/

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင်စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေ

ကျပ် ၇၃၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## မုံရွာမြို့နယ်ရှိ ကီလိုမာလကာသီး စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်း၊ ဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင် သီးနှံတစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးကို ဘုမ္မနိုးကျေးရွာ၊ ကျွန်းရွာသစ်ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

၎င်းကီလိုမာလကာမျိုးအနေဖြင့် ၇-၈ လသားအရွယ်ရှိ ကိုင်းကူးပျိုးပင်များကို ပျိုးပင်ကြီးတစ်ပင်လျှင် ၂၀၀၀ ကျပ်၊ အသေးတစ်ပင်လျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ပေးဝယ်ရပြီး အစိုဓာတ်ကောင်းမွန်စွာရရှိသည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ခြား တန်းခြား ၈ ပေအကွာဖြင့် စိုက်ကေ တစ်ကေလျှင် ကီလိုမာလကာပင် ၃၅၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ ကီလို မာလကာပင် စိုက်ပျိုးပြီး အသီးကင်းချိန်တွင် အားဆေး၊ ပိုးသတ်ဆေး ၂ ကြိမ်ဖျန်းပေးရကြောင်း၊ အသီးများ ပေသီးအရွယ်အစားခန့်ရှိပါက စက္ကူအကြည်အိတ်စွပ်ပေးရကြောင်း၊ အပင်ငယ်ချိန်တွင် တစ်လလျှင် ရေ ၂ ကြိမ်၊ ဆောင်းရာသီတွင် ၁ ကြိမ်၊ နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကို ပြုစုပေးပါက တစ်နှစ်သား အရွယ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီး ကီလိုမာလကာ သီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေအနေအထားနှင့် အပင်ဖြစ်ထွန်း အောင်မြင်မှုအပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင် ပျမ်းမျှအလုံးရေ ၁၀၀-၁၂၀ ခန့်ထွက်ရှိရာ တစ်ကေအတွက် ပျမ်းမျှအလုံးရေ ၃၅,၀၀၀ မှ ၄၀,၀၀၀ လုံးထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဇွန်လ ဒုတိယပတ်တွင် ကီလိုမာလကာသီး လက်ကားဈေးတစ်လုံးလျှင် ငွေကျပ် ၃၅၀-၃၈၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ လက်လီဈေးတစ်လုံးလျှင် ၅၀၀- ၁၀၀၀ ကျပ်ထိ ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ကီလိုမာလကာ တစ်ကေအတွက် တစ်နှစ်လျှင် ငွေကျပ် ၇၀ သိန်းခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် စိုက်ခင်းသို့ ပွဲစားများမှ ဖောက်သည်လာယူခြင်း၊ မုံရွာသစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source : DOCA**(စစ်ကိုင်း)

## ကမ္ဘာ့ကုန်သွယ်ရေးအတားအဆီးများကြောင့် ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်မှု ဖိအားများ မြင့်တက်လာသည်ဟု ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ တာဝန်ရှိသူများ ပြောကြား

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် Ngozi Okonjo-Iweala နှင့် မေလ ၂၈ ရက်နေ့က တွေ့ဆုံဆွေးနွေးပွဲတွင် ကမ္ဘာ့ထိပ်တန်း သင်္ဘောကုမ္ပဏီများနှင့် ပို့ဆောင်ရေးအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများက ကုန်စည်ကုန်သွယ်မှုကဏ္ဍ၌ လုပ်ငန်းလည်ပတ်မှုနှင့်စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများတိုးပွားလာနေကြောင်းအလေးပေးပြောကြားခဲ့သည်။

ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေးစနစ်မှာ ကြံ့ကြံ့ခံနေသော်လည်း ပင်လယ်ကွေ့ဒေသနှင့် အခြားရေကြောင်းပိတ်ဆို့မှုများကြောင့် လမ်းကြောင်းသစ်များ ရှာဖွေအသုံးပြုနေရခြင်းသည်တင်ပို့သူများနှင့်စားသုံးသူများအတွက် ကုန်ကျစရိတ်ပိုမိုကြီးမားစေကြောင်း ပြောကြားခဲ့သည်။

လိုက်လျောညီထွေဖြစ်မည့် နည်းလမ်းများကို ရှာဖွေကြံဆနေသော်လည်း သယ်ယူပို့ဆောင်ရေး ကွန်ရက်များ၏ လုပ်ဆောင်နိုင်စွမ်း ကန့်သတ်ချက်များကြောင့် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း၊ ရေကြောင်းလမ်းမှမဟုတ်ဘဲ အချို့ကုန်းလမ်းကြောင်းများမှ လွှဲပြောင်းသယ်ယူခြင်းသည် သိသာသော ကန့်သတ်ချက်များနှင့် ကုန်ကျစရိတ်မြင့်မားမှုကို ဖြစ်ပေါ်စေကာ ဆိပ်ကမ်းများတွင် ကုန်စည်များပြည့်နှက်နေကြောင်း၊ သင်္ဘောတစ်စင်းသည် ကုန်တင်ရထားအစင်းရေ ၇၀ ခန့်နှင့်အညီ သယ်ယူပို့ဆောင်နိုင်စွမ်းရှိကြောင်း အဆိုပါအရာရှိများက ပြောကြားခဲ့သည်။

ထို့ပြင် ဘက်စုံသယ်ယူပို့ဆောင်ရေးနှင့် အစားထိုးလမ်းကြောင်းများ အသုံးပြုမှုကြောင့် အကောက်ခွန်ဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများ၊ ကုန်ကျစရိတ်မြင့်တက်လာခြင်းနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ မသေချာမရေရာမှုများဖြစ်ပွားကာ ကုန်စည်စီးဆင်းမှုများ ထိရောက်မြန်ဆန်ပြီး ခန့်မှန်းရလွယ်ကူစေရန် ဆိပ်ကမ်းနှင့်ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန် ဖော်ပြနေကြောင်း၊ ကာလရှည်ကြာကျင့်သုံးလာခဲ့သည့် လွတ်လပ်စွာ ရေကြောင်းသွားလာ ခွင့်အပါအဝင် နိုင်ငံစုံစံနှုန်းများနှင့် သဘောတူညီချက်များကို လေးစားလိုက်နာသင့်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် Okonjo-Iweala က ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ရေကြောင်းသယ်ယူ ပို့ဆောင်ရေးဖြင့်သာ ဆောင်ရွက်နေရာ၊ အရေးပါသဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်တိုက်တွန်းကြောင်း၊ အကောက်ခွန်ဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးသဘောတူညီချက် အပြည့်အဝအကောင်အထည်ဖော်ရန်နှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များထုတ်ပြန်ခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ခံနိုင်ရည်ရှိရန်နှင့်တည်ငြိမ်စေရန် ကုန်သွယ်မှုကန့်သတ်ချက်များအားထိန်းချုပ်ခြင်း စသည့်အခြားနည်းလမ်းများသည် အရေးကြီးကြောင်း ၊တွေ့ကြုံရသောအခက်အခဲများအတွက်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ အတွင်းရေးမှူးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် MSC၊ CMA CGM၊ COSCO Shipping၊ Hapag-Lloyd၊ Ocean Network Express (ONE)၊ Evergreen Marine Corp.၊ Yang Ming နှင့် China Merchants Energy Shipping တို့မှ အမှုဆောင်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာသင်္ဘောလုပ်ငန်းအသင်းအဖွဲ့ ICS ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း FIATA နှင့် ကမ္ဘာ့သင်္ဘောကောင်စီတို့မှ အကြီးအကဲများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source : https://www.wto.org/**

## Semiconductor တင်ပို့မှုအရှိန်မြင့်တက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၆ ခုနှစ်၊ မေလပို့ကုန် စံချိန်တင်တိုးတက်ခဲ့

တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor-chip)များအပေါ် ကမ္ဘာလုံးဆိုင်ရာလိုအပ်ချက်ဝယ်လိုအားမြင့်တက်လာမှုကြောင့် ၂၀၂၆ ခုနှစ်၊မေလအစောပိုင်းတွင်ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည်အလွန်အားကောင်းစွာ တိုးတက်ခဲ့သည်။

Korea Customs Service ၏အချက်အလက်များအရ မေလ ၁ ရက်မှ ၁၀ ရက်အတွင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်တူကာလနှင့်နှိုင်းယှဉ်ပါက ၄၃ ဒသမ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်၊ ၎င်းမှာ ၂၀၂၆ ခုနှစ်၊ မေလအစောပိုင်းအတွက် ကုန်သွယ်မှုသမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ပင်ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် Semiconductor ပို့ကုန်သည် ၁၄၉ ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကျော်သို့ ရောက်ရှိခဲ့ပြီး၊ AI server များနှင့် Data Center များအတွက် Memory Chip လိုအပ်ချက်များ တိုးမြင့်လာခြင်းက ပို့ကုန်တိုးတက်စေရန်အတွက် အဓိကမောင်းနှင်အား ဖြစ်လာခဲ့သည်။

Chip များသည် စုစုပေါင်းပို့ကုန်၏ ၄၆ ရာခိုင်နှုန်းကျော်ကိုကိုယ်စားပြုလာခဲ့သည်၊ ကွန်ပျူတာဆက်စပ်ပစ္စည်းတင်ပို့မှုသည်လည်း ၃၈၂ ရာခိုင်နှုန်းကျော်တိုးတက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအလိုက်တင်ပို့နိုင်မှုအခြေအနေအရ ကိုရီးယားသမ္မတနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မှု ၈၁ ဒသမ ၈ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ ၈၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် အမေရိကန်ပြည်ထောင်စုသို့ ၁၇ ဒသမ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်၊ အထူးသဖြင့် AI အခြေခံအဆောက်အဦများအတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများဖြစ်သော High-Bandwidth Memory (HBM) နှင့် Advanced DRAM များအပေါ် လိုအပ်ချက်များတိုးလာခြင်းကြောင့် Samsung Electronics နှင့် SK Hynix ကဲ့သို့ သောကုမ္ပဏီများ၏ စွမ်းဆောင်ရည် ကောင်းမွန်လာခဲ့ကြောင်း တွေ့ရှိရသည်။

သို့ရာတွင် မော်တော်ယာဉ်(Automobile)ပို့ကုန်များမှာ ၂၆ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး၊ သင်္ဘောပို့ကုန်များလည်း အားနည်းခဲ့ကြောင်း တွေ့ရှိရသည်၊ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် Semiconductor ကဏ္ဍတစ်ခုတည်းအပေါ် အလွန်မှီခိုလာလွန်းနေသည်ဟု စီးပွားရေးလေ့လာသူများက သတိပေးနေကြကြောင်း သိရသည်။

**Source:** https://www.koreajoongangdaily.com/

**(ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (12.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 48,668 (Shares) | 223,564,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 19,000 | -1,000 | -5.00% | 19,500 | 19,500 | 19,000 | 2,155 | 41,722,500 | 33,109,694 | 629,084 |
| MTSH | 00002 | 9,800 | -700 | -6.67% | 10,000 | 10,000 | 9,800 | 7,662 | 76,320,900 | 38,929,150 | 381,506 |
| MCB | 00003 | 16,000 | -500 | -3.03% | 16,500 | 16,500 | 16,000 | 7 | 113,000 | 10,400,986 | 166,416 |
| FPB | 00004 | 8,100 | -300 | -3.57% | 8,300 | 8,300 | 8,100 | 931 | 7,614,200 | 31,144,738 | 252,272 |
| TMH | 00005 | 3,600 | -100 | -2.70% | 3,700 | 3,700 | 3,600 | 1,029 | 3,706,350 | 12,823,224 | 46,164 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,100 | 32,725 | 68,722,500 | 19,977,223 | 41,952 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,200 | 4,200 | 4,100 | 631 | 2,587,200 | 10,497,598 | 43,040 |
| MAEX | 00008 | 6,700 | -100 | -1.47% | 6,500 | 6,700 | 6,300 | 3,528 | 22,777,800 | 23,804,946 | 159,493 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 906.72 | -41.97 | -4.42% | 924.30 | 924.30 | 904.21 | 48,668 | 223,564,450 | 8 | 1,719,927 |

### Index chart





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 906.72 | -41.97 | -4.42% | 924.30 | 924.30 | 904.21 | 48,668 | 223,564,450 | 8 | 1,719,927 |

### Index chart


